KHRG
ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

မေလ ၃၀ ရက်, ၂၀၂၅ ခုနှစ် / KHRG စာအမှတ်- 25-143+146-D1

# ဘားအံခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - တနေးဆားမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်၍ ရွာသားများသေဆုံး၊ဒဏ်ရာရပြီး ပိုင်ဆိုင်မှုပစ္စည်းများ ထိခိုက်ပျက်စီးခြင်း (၂၀၂၅ ခုနှစ်၊ ဧပြီလ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ဘားအံခရိုင်၊ တနေးဆားမြို့နယ်တွင် ဖြစ်ပွားခဲ့သော လက်နက်ကြီးပစ်ခတ်မှုအကြောင်းကို ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ တနေးဆားမြို့နယ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ  လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသား (၁၁) ဦးထိမှန်သေဆုံးပြီး (၂) ဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးသွားသည့်ရွာသား (၁၁) ဦးထဲတွင် အမျိုးသမီး (၈) ဦးပါဝင်သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် SAC လက်နက်ကြီးပစ်ခတ်၍ နို့ဖာဒို့ကျေးရွာအုပ်စုရှိ အအ--- ကျေးရွာမှ ရွာသား တစ်ဦးအား ထိမှန်၍ဒဏ်ရာရရှိခဲ့သည်။ ဧပြီလ ၁၅ ရက်နေ့တွင် SAC လက်နက်ကြီးပစ်ခတ်၍ နို့ဖာဒို့ကျေးရွာအုပ်စု၊ အဘ--- ကျေးရွာတွင်နေထိုင်သည့်ရွာသား (၉)ဦးအား ထိမှန်၍သေဆုံးသွားခဲ့သည်။ ထိုသေဆုံးသွားသည့်ရွာသားထဲတွင် ကလေး (၃)ဦးလည်း ပါဝင်သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၆ရက်နေ့တွင် SAC သည် ကရူတူးခီးကျေးရွာအုပ်စု၊ အဆ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးပစ်ခတ်၍ ရွာသားနှစ်ဦးအား ထိမှန်ကာ သေဆုံးသွားခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် SAC သည် နို့တပွဲကျေးရွာအုပ်စုရှိ အဒ--- ကျေးရွာသို့ လက်နက်ကြီးတစ်လုံးပစ်ခတ်၍ ရွာသားတစ်ဦးအား ထိမှန်၍ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ရေတွင်းတစ်လုံးကိုလည်း ထိမှန်ပျက်စီးခဲ့သည်။* [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ ဧပြီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဘားအံခရိုင်ရှိဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် လက်ခံရရှိသော မြေပြင်အစီရင်ခံစာ (၄) ခုအပေါ်အခြေခံ၍ရေးသားပြုစုထားပါသည်။ ထိုအစီရင်ခံစာ၏စာအမှတ်မှာ 25-143-D1 ၊ 25-144-D1 ၊ 25-144-D2 နှင့် 25-146-D1 တို့ဖြစ်သည်။

**တနေးဆားမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်၍ ရွာသားများထိမှန်သေဆုံး၊ ဒဏ်ရာရရှိမှု**

- **၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့ - နို့ဖာဒို့ကျေးရွာအုပ်စုတွင် SAC လက်နက်ကြီးပစ်ခတ်မှု**

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့ ညနေ (၄) နာရီဝန်းကျင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ နို့ဖာဒို့ကျေးရွာအုပ်စု၊ အအ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးများရမ်းသမ်းပစ်ခတ်၍ ရွာသားတစ်ဦးဖြစ်သူ စောအ--- အားထိမှန်၍ သူ၏ညာဖက်ခြေမျက်စိမှာ ဒဏ်ရာရရှိခဲ့သည်။

ဤဖြစ်စဉ်နှင့်ပတ်သက်၍ စောအ---မှ KHRG အား ယခုလိုပြောပြသည်။ *"မနက်ပိုင်းမှာ ကျွန်တော်တို့ရွာဒေသမှာ တိုက်ပွဲတွေဖြစ်တယ် (ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - KNLA နှင့် SAC တို့ကြားတိုက်ပွဲဖြစ်ပွားခြင်း)။ နေ့လည်ရောက်တော့ သေနတ်ပစ်ခတ်သံတွေမကြားရတော့ ကျွန်တော့်အမေက ထမင်းသွားချက်တယ်။ ပြီးတော့ နွားတွေကိုအစာသွားကျွေးတယ်။"* ၎င်းအမေဖြစ်သူသည် အိမ်ကနေထွက်လာပြီး နွားများကို အစာသွားကျွေးပြီးနောက်တွင် စောအ---သည် အိမ်အပြင်ဖက်ရှိ အိမ်သာသို့သွားခဲ့သည်။ စောအ--- သည် အိမ်သာသွားတက်ပြီးနောက် (ညနေ ၄ နာရီဝန်းကျင်) အိမ်သို့ပြန်လာသည့်အချိန်တွင် လက်နက်ကြီးတစ်လုံးသည် အိမ်သာအနောက်တွင် ကျရောက်ပေါက်ကွဲပြီး ပေါက်ကွဲကျည်စသည် သူ၏ခြေမျက်စိကို ထိမှန်၍ဒဏ်ရာရရှိခဲ့သည်။ သူ၏ခြေမျက်စိကို ကျည်စထိမှန်ပြီး ချက်ချင်းဆိုသလို မြေပြင်သို့ သူလဲကျသွားခဲ့သည်။

နို့ဖာဒို့ကျေးရွာအုပ်စု၊ အဃ--- ကျေးရွာရှိ ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန (KDHW) မှ လေ့ကျင့်သင်ကြားပေးသော ကျန်းမာရေးလုပ်သားတစ်ဦးနှင့်ရိုးရာဘိန်းတောဆရာတစ်ဦးတို့မှ စောအ--- အား အခမဲ့ဆေးကုသပေးခဲ့သည်။ စောအ---နှင့်သူ၏မိသားစုအပါအဝင် နီးစပ်ရာကျေးရွာများမှ အခြားရွာသားများသည် အဃ--- ကျေးရွာသို့ လာရောက်စစ်ပြေးရှောင်ခဲ့ခြင်းဖြစ်သည်။

အိမ်သာအနောက်တွင် ကျရောက်ပေါက်ကွဲသည့်လက်နက်ကြီးတစ်လုံးသည် (၁၂၀) မမလက်နက်ကြီးဖြစ်သည်။ SAC ခြေမြန်တပ်ရင်း (ခမရ)အမှတ်(၅၄၅)မှ လက်နက်ကြီးပစ်ခတ်ခဲ့ကြောင်း ရွာသားများက ယုံကြည်ကြသည်။ အကြောင်းမှာ ခမရ(၅၄၅)သည် ကရူတူးမြို့နယ်၊ ကရူတူးဒေသတွင်အခြေစိုက်၍ အအ--- ကျေးရွာနှင့်နီးစပ်သောကြောင့်ဖြစ်သည်။



ဤဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ဒေသခံသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ဤပုံများကို ဘားအံခရိုင်၊ တနေးဆား မြို့နယ်၊ နို့ဖာဒို့ကျေးရွာအုပ်စု၊ အဃ--- ကျေးရွာအတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့ ညနေ (၄) နာရီဝန်းကျင်တွင် SAC ခမရ (၅၄၅) သည် နို့ဖာဒို့ကျေးရွာအုပ်စု၊ အအ--- ကျေးရွာသို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်၍ ရွာသားတစ်ဦးဖြစ်သူ စောအ--- အား ထိမှန်၍ သူ၏ညာဖက်ခြေမျက်စိတွင် ဒဏ်ရာရရှိခဲ့သည်။ ပုံတွင် စောအ--- ဒဏ်ရာရရှိနေသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

- **၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ - နို့ဖာဒို့ကျေးရွာအုပ်စုတွင် SAC လက်နက်ကြီးပစ်ခတ်မှု**

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ မနက် (၇) နာရီနှင့် (၈) နာရီကြားတွင် မြန်မာစစ်တပ်မှ စစ်သားများသည် နို့ဖာဒို့ကျေးရွာအုပ်စု၊ အဘ--- ကျေးရွာအတွင်းသို့ (၁၂၀) မမလက်နက်ကြီးတစ်လုံးပစ်ခတ်၍ အဘ--- ကျေးရွာရှိ မိသားစုဝင်(၉)ဦးအားထိမှန်၍ သေဆုံးသွားခဲ့သည်။ အဆိုပါမိသားစုသည် တမိလ်လူမျိုးဖြစ်ကြသည်။

အဘ--- ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးဘ---၏ပြောပြချက်အရ မနက်ပိုင်းတွင် ကရင် (KNLA) စစ်သားများသည် ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး ရွာသားများအား အခြားနေရာသို့ပြောင်းရွှေ့ရန်ပြောခဲ့သည်။ (အကြောင်းမှာ ရွာအနီးနားတွင် တိုက်ပွဲဖြစ်ပွားနေခြင်းဖြစ်သည်။) SAC မှ ပစ်ခတ်လိုက်သည့်လက်နက်ကြီးအများအပြားသည် ကျေးရွာအနီးတစ်ဝိုက်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။ သို့သော်လည်း မည်သူ့ကိုမှ ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပေ။ မနက် (၇) နာရီခန့်တွင် လူ (၉)ဦးရှိသည့်မိသားစုတစ်စုသည် ကျေးရွာမှ ပုန်းရှောင်ရန်ပြင်ဆင်နေကြသည်။ ၎င်းတို့အားလုံးသည် ကားတစ်စီးပေါ်သို့ ရောက်ရှိနေသည့်အချိန်တွင် လက်နက်ကြီးတစ်လုံးသည် ထိုကားတစ်စီးပေါ်သို့ ကျရောက်ပေါက်ကွဲ၍ လူ (၇) ဦးမှာ ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

လက်နက်ကြီးထိမှန်သေဆုံးသွားသည့်လူ (၇)ဦးမှာ ဆ--- (၂၇ နှစ်)၊ ဒ--- (၃၅ နှစ်)၊ ဃ--- (၃၂ နှစ်)၊ ဖ--- (၂၂ နှစ်)၊ ဂ--- (၉ နှစ်)၊ ဟ--- (၇ နှစ်) နှင့် (၁၀) လသားအရွယ် ဧ---၏သမီးလေးတို့ဖြစ်ကြသည်။ ကျန်သော ရွာသားနှစ်ဦးမှာ မောင်သ--- (၂၈ နှစ်) နှင့် က--- (၂၇ နှစ်) တို့ဖြစ်ကြပြီး ၎င်းတို့သည် အသက်ရှင်နေသေးသော်လည်း ဒဏ်ရာပြင်းထန်စွာ

ရရှိခဲ့သည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးကို ဘားအံခရိုင်၊ ဘားအံမြို့ရှိ ဘားအံဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဘားအံဆေးရုံသည် SAC စီမံခန့်ခွဲသောဆေးရုံတစ်လုံးဖြစ်သည်။ သို့သော်လည်း ၎င်းတို့သည် ဆေးရုံသို့သွားပို့သည့်လမ်းတစ်ဝက်တွင် သေဆုံး သွားခဲ့သည်။ ၎င်းတို့ကို ဘားအံမြို့အနီးရှိ အဖ--- ကျေးရွာတွင် မြေမြှုပ်သင်္ဂြိုလ်ပေးခဲ့သည်။

ဤလက်နက်ကြီးတစ်လုံးကို ကရူတူးမြို့နယ်၊ ကရူတူးဒေသတွင် အခြေစိုက်သော SAC စစ်သားများမှ ပစ်ခတ်ခဲ့သည်ဟု ရွာသားများက ထင်မြင်ကြသည်။ သို့သော် ခမရ (၅၄၅) နှင့် ခမရ (၅၄၆) တပ်ရင်းနှစ်ရင်းထဲမှ မည်သည့်တပ်ရင်းက ပစ်ခတ်ခဲ့ကြောင်း ရွာသားများက မသိကြပါ။ ထိုတပ်ရင်းနှစ်ရင်းသည် ကရူတူးဒေသတွင် အခြေစိုက်သည်။ (အဘ--- ကျေးရွာမှ ကျန်ရှိသောရွာသားများအားလုံးသည် ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။)

- **၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ - ကရူတူးခီးကျေးရွာအုပ်စုတွင် SAC လက်နက်ကြီးပစ်ခတ်မှု**

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ ညနေ (၄) နာရီတွင် SAC မြန်မာစစ်တပ်သည် ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ကရူတူးခီးကျေးရွာအုပ်စုရှိ အဆ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးပစ်ခတ်၍ စောလ---နှင့်စောမ---တို့အား ထိမှန်ခဲ့သည်။ စောလ---နှင့်စောမ---တို့သည် ဈေးသို့သွားရန် ဆိုယ်ကယ်ဖြင့်လာနေသည့်အချိန်တွင် လက်နက်ကြီးထိမှန်ခဲ့ခြင်းဖြစ်သည်။ ဤလက်နက်ကြီးတစ်လုံးသည် (၁၂၀) မမလက်နက်ကြီးဖြစ်ကြောင်း ရွာသားများကပြောသည်။ မည်သည့် SAC တပ်ရင်းမှ လက်နက်ကြီးပစ်ခတ်ခဲ့ကြောင်း ရွာသားများက မသိကြပါ။ သို့သော် ကရူတူးဒေသမှ SAC စစ်သားများသည် လက်နက်ကြီးပစ်ခတ်ခဲ့ကြောင်း ရွာသားများက ယူဆခဲ့သည်။

စောလ---သည် လက်နက်ကြီးထိမှန်၍ ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ စောမ---သည် ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးခန်းသို့ပို့ဆောင်ရန်ကြိုးစားခဲ့သည်။ သို့သော် သူသည် လမ်းတစ်ဝက်တွင် သေဆုံးသွားခဲ့သည်။ ထိုနေ့ညအချိန်တွင် ကျေးရွာအုပ်စုခေါင်းဆောင်နှင့်အခြားရွာသားများက စောလ---နှင့်စောမ---တို့ကို တနေးဆားမြို့နယ်၊ ကရူတူးခီးကျေးရွာအုပ်စုရှိ အဂ--- သင်္ချိုင်းကုန်းတွင် မြေမြှုပ်သင်္ဂြိုလ်ပေးခဲ့သည်။



ဤပုံများကို ရွာသားတစ်ဦးက ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့၌ ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ကရူတူးခီးကျေးရွာအုပ်စု၊ အဆ--- ကျေးရွာတွင်ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ညနေ (၄) နာရီခန့်တွင် SAC စစ်သားများသည် အဆ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးပစ်ခတ်၍ စောလ---နှင့်စောမ---တို့အား ထိမှန်ပြီးသေဆုံးသွားခဲ့ သည်။ လက်ဝဲပုံတွင် စောလ---၏ရုပ်အလောင်းဖြစ်ပြီး လက်ယာပုံတွင် စောမ---၏ရုပ်အလောင်းဖြစ်သည်။ ပုံတွင် ၎င်းတို့အား မြေမြှုပ်သင်္ဂြိုလ်ပေးရန်အတွက် ကားဖြင့် သင်္ချိုင်းကုန်းသို့သယ်ဆောင်နေသည့်အခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

- **၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ - နို့တပွဲကျေးရွာအုပ်စုတွင် SAC လက်နက်ကြီးပစ်ခတ်မှု**

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ ညနေ (၃) နာရီတွင် မြန်မာစစ်တပ်သည် တနေးဆားမြို့နယ်၊ နို့တပွဲကျေးရွာအုပ်စု၊ အဒ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးတစ်လုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ရွာသားတစ်ဦးဖြစ်သူ စောန---၏အိမ်ခြံဝန်းထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ လက်နက်ကြီးကျရောက်ပေါက်ကွဲသည့်အချိန်တွင် စောန---သည် ရေတွင်းဆောက်လုပ်နေခဲ့သည်။ မည်သည့် SAC တပ်ရင်းက လက်နက်ကြီးပစ်ခတ်ခဲ့ကြောင်း ရွာသားများက သေချာမသိရှိရပါ။ သို့သော်လည်း ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ ကော်တရိမြို့အနီးရှိ လှိုင်ဝတပ်စခန်းတွင် အခြေ စိုက်သော SAC စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် (၁၂) သို့မဟုတ် ကရူတူးမြို့နယ်ရှိ ကျိုင်းတံတားတွင် အခြေ စိုက်သော SAC တပ်ဖွဲ့မှ ဤလက်နက်ကြီးကို ပစ်ခတ်ခဲ့ကြောင်းဖြစ်ရမည်ဟု ကရင်အမျိုးသားအစည်းအရုံး (KNU) ဒေသခံအာဏာပိုင်များက ထင်မြင်ယူဆခဲ့သည်။

စောန---၊ မောင်ဝ--- နှင့် စောပ--- တို့သည် ရေတွင်းဆောက်လုပ်ရန်အတွက် ဘိလပ်မြေဖျော်နေစဉ်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည်။ လက်နက်ကြီးကျည်စများသည် ရေတွင်းအုတ်တိုင်နှင့်အနီးအနားရှိသစ်ပင်များကို ထိမှန်ပျက်စီးခဲ့သည်။ လက်နက်ကြီးပေါက်ကွဲမှုကြောင့် သဲနှင့်ကျောက်များသည် လေထဲသို့စင်ပြီး စောန---အားထိမှန်၍ အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။ ဤလက်နက်ကြီးသည် လေထဲတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်ကြီးအမျိုးအစားတစ်ခုဖြစ်ပြီး (၁၂၀) မမလက်နက်ကြီးမဟုတ်ကြောင်း KNU မြို့နယ်အုပ်ချုပ်ရေးမှူးက ဆိုခဲ့သည်။

ကော်တရိမြို့နှင့်ကရူတူးမြို့အနီးပတ်ဝန်းကျင်တွင် မြန်မာစစ်တပ်နှင့် KNLA တို့ကြား တိုက်ပွဲများဖြစ်ပွားနေသည့်အချိန်တွင် မြန်မာစစ်တပ်သည် ၎င်းတို့ရန်သူ (KNLA) ကို လက်နက်ကြီးဖြင့်မပစ်ဘဲ ကျေးရွာအတွင်းသို့ လက်နက်ကြီးများပစ်ခတ်တိုက်ခိုက်ခဲ့သည်။







ဤပုံများကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့၌ ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ နို့တပွဲကျေးရွာအုပ်စု၊ အဒ--- ကျေးရွာတွင် ရိုက်ယူခဲ့ သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ ညနေ (၃) နာရီတွင် မြန်မာစစ်တပ်သည် အဒ--- ကျေးရွာသို့ လက်နက်ကြီးတစ်လုံးပစ်ခတ်၍ စောန---သည် ရေတွင်းဆောက်လုပ်နေစဉ် သူ၏နေအိမ်ခြံဝန်းထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ လက်ဝဲပုံတွင် ရေတွင်းအုတ်တိုင် လက်နက်ကြီးထိမှန်၍ ပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ လက်ယာပုံတွင် လက်နက်ကြီးပေါက်ကွဲမှုကြောင့် ကျောက် တစ်လုံးလွင့်စင်ပြီး စောန---၏လက်ကိုထိမှန်၍ အနည်းငယ်ဒဏ်ရာရရှိခဲ့သောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။